# အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့တွင် ကရင်အမျိုးသမီးအစည်းအရုံးက အားလုံးပါဝင်မှုနှင့် ညီမျှသောကိုယ်စားပြုမှုကို တောင်းဆိုလိုက်သည်။

၂၀၂၀ခုနှစ် စက်တင်ဘာ ၂၁ ရက်။

ကရင်အမျိုးသမီးအစည်းအရုံး(KWO)သည် မြန်မာနိုင်ငံတွင် စစ်မှန်ပြီး အားလုံးပါဝင်နိုင်သည့်ငြိမ်းချမ်းရေးကိုတောင်းဆိုလျက် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ကိုကြိုဆိုလိုက်ပါသည်။ ယခုနှစ်ဆောင်ပုဒ်ဖြစ်သော "ငြိမ်းချမ်းရေးကိုအတူတကွပုံဖော်ခြင်း" ဆိုသည်မှာငြိမ်းချမ်းရေးနှင့်ပတ်သက်သောကိစ္စရပ်များအားလုံးတွင် တန်းတူညီမျှသောအခွင့်အရေးနှင့် တန်းတူညီမျှသောပါဝင်မှု၏အရေးပါပုံကို အသိအမှတ်ပြုထားခြင်းဖြစ်သည်။ သို့သော်ငြားလည်း မြန်မာနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်၏ဒဏ်ကို နက်နက်ရှိုင်းရှိုင်းခံစားခဲ့ရသော်လည်း အမျိုးသမီးများမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မျှတမှုမရှိစွာဖယ်ကျဉ်ထားခြင်းခံရပြီး ကိုယ်စားပြုခွင့်မှာလည်း ဆိုးဆိုးရွားရွားနိမ့်ကျလျက်ရှိနေသည်။ အမျိုးသမီးများ၏ အမြင်များမှာ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တန်ဖိုးမဖြတ်နိုင်သော်လည်း ဆွေးနွေးမှုများနှင့် စေ့စပ်ညှိနှိုင်းမှုများတွင် ၎င်းတို့၏ကိုယ်စားပြုမှုမှာ နည်းပါးလျက်ရှိနေဆဲဖြစ်သည်။

မြန်မာအစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်လာကြောင်းနှင့် တစိုက်မတ်မတ် ရှေ့ရှုသွားနေကြောင်း အခိုင်အမာပြောဆိုခဲ့သည်။ သို့သော်ငြားလည်း ပဋိပက္ခများကြောင့် ထိခိုက်ခံစားနေရသည့် ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှုများ တဖြည်းဖြည်း ပိုမိုတိုးများလာနေသည်ကို KWO က မျက်မြင်တွေ့ရှိနေရပြီး မြန်မာစစ်တပ်က ၎င်းတို့၏တစ်ဘက်သတ်အပစ်အခတ်ရပ်စဲရေးကို တိုးမြှင့်ရန် သို့မဟုတ် မြို့နယ် ၈ ခုတွင် အင်တာနက်ပိတ်ပင်ထားမှုကို ရုတ်သိမ်းရန် ငြင်းဆန်ခဲ့သည်။ ရှမ်းနှင့်ကရင်ပြည်နယ်ကဲ့သို့ အပစ်အခတ်ရပ်စဲမှုကို တိုးမြှင့်ထားသောနယ်မြေများတွင် ပုံမှန်တိုက်ပွဲများ ဖြစ်ပွားလျက်ရှိနေဆဲဖြစ်ပြီး ရွာသားများမှာ ကြောက်ရွံ့မှုနှင့်နေနေရဆဲဖြစ်သည်။ လက်နက်ကြီးပစ်ခတ်မှုနှင့် ပစ်မှတ်မထားပဲပစ်ခတ်မှုကြောင့် ကလေးများသေဆုံးမှု မြင့်တက်လာနေခြင်းနှင့်ႉ စစ်ပွဲများကြောင့် ဘာမျှကောင်းမွန်မှုမရှိခြင်းကို နောက်ထပ်သက်သေပြနေပေသည်။

အမျိုးသမီးဦးဆောင်သောအဖွဲ့ဖြစ်သည့်အလျောက် KWO သည် မူဝါဒချမှတ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ရာ ကဏ္ဍအားလုံးတွင် အမျိုးသမီးဦးဆောင်မှုနှင့် ကိုယ်စားပြုမှုအတွက် အခိုင်အမာစည်းရုံးလှုံ့ဆော်သည်။ အမျိုးသမီးများ၏ပါဝင်မှုဆိုသည်မှာ မိမိတို့၏အတွေ့အကြုံများကို ထင်ဟပ်သည် ခိုင်မာသောအဖြေများအပေါ်ဆွေးနွေးရာတွင် မိမိတို့ပါဝင်ကူညီနိုင်ခြင်းကိုဆိုလိုသည်။ မိမိတို့အသိုင်းအဝိုင်းအတွက် ငြိမ်းချမ်းရေးဆိုသည်မှာ ဒုက္ခသည်စခန်းများနှင့် ကရင်ပြည်နယ်တစ်ယောက်ချင်းတွင် လုံလောက်သောအ

စားအစာရှိသည့်နေရာတွင် မိမိတို့သည် ဂုဏ်သိက္ခာရှိစွာနှင့် ဘေးအန္တရာယ်ကင်းစွာ နေထိုင်လုပ်ကိုင်နိုင်ခြင်းကိုဆိုလိုသည်။ မိမိတို့သည် မနက်ဖြန်မှာ ဘာဖြစ်မလဲ ဒါမှမဟုတ် ငါတို့ကလေးတွေ ဘာဖြစ်မလဲဆိုတာကို စိုးရိမ်မနေသင့်ပါ။ မတူကွဲပြားခြားနားမှုသည် မြန်မာနိုင်ငံတွင် မငြိမ်သက်မှုနှင့် အကြမ်းဖက်မှုတို့ကို ဖြစ်စေမည့်အစား မိမိတို့ကို အတူတကွဖြစ်စေသည့် အောင်ပွဲခံစရာအကြောင်းအရာသာဖြစ်သင့်ပေသည်။ မိမိတို့၏လူထုအသိုင်းအဝိုင်းများ အကြောက်တရားနှင့် နေထိုင်ပုန်းအောင်းနေရသမျှ၊ အနာဂတ်ပျောက်ဆုံးနေသမျှ ယင်းမှာ ငြိမ်းချမ်းရေးမဟုတ်သည်မှာ သေချာပေသည်။

ငြိမ်းချမ်းရေးကို တရားမျှတမှုမရှိပဲမရနိုင်ပေ။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးကိုဖန်တီးရန် ကြိုးပမ်းရာတွင် မတူညီသောနောက်ခံများနှင့် ကျား-မကွဲပြားမှုများမှလာကြသည့် အရေးကြီးသောသက်ဆိုင်သူများအားလုံး၏ပါဝင်မှုနှင့် ကိုယ်စားပြုမှုရှိရမည်ဖြစ်ပေသည်။ မိမိတို့နိုင်ငံငြိမ်းချမ်းမှုရှိသင့်သည်မှာ အချိန်ကာလ ကြာမြင့်လှပြီဖြစ်ပြီး ယင်းမှာလည်း အားလုံးအတွက် အပြန်အလှန်လေးစားမှုနှင့် ညီမျှသောဆက်ဆံရေးမရှိသမျှ ဖြစ်လာမည်မဟုတ်ပေ။

ကရင်အမျိုးသမီးအစည်းအရုံး - kwocentral@gmail.com